

၁၉၃၀ ပြည့်နှစ်က ရွှေဆံတော်စေတီတော်မြင်ကွင်း



ရွှေဆံတော်စေတီ ရင်ပြင်ပေါ်တွင် ခေါင်းလောင်းများချိတ်ဆွဲ
လှူဒါန်းထားပုံ (၁၉၃၀ ပြည့်နှစ်မြင်ကွင်း)



ရွှေဆံတော်စေတီ ရင်ပြင်ပေါ်တွင် ခေါင်းလောင်းများချိတ်ဆွဲ
လှူဒါန်းထားပုံ (၁၉၃၀ ပြည့်နှစ်မြင်ကွင်း)



## ညွှန်ကြားရေးမှူးချုပ်၏ အမှာစာ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ပြည်ရွှေဆံတော်စေတီမှ ခေါင်းလောင်းစာများကို ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူများသည် အလှူဒါနပြုရာ၌ ထူးခြားသောအစဉ်အလာတစ်ရပ်ရှိပါသည်။ ၎င်းမှာ မိမိတို့ပြုခဲ့သမျှသော ကောင်းမှုကုသိုလ်တို့၏ အဖို့ဘာဂကို (၃၁) ဘုံ၌ ကျင်လည်နေကြ ကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အားမိမိတို့နှင့် ထပ်တူထပ်မျှ ကုသိုလ်ရစေခြင်းငှာ ခေါင်းလောင်းထိုး၍ အမျှပေးဝေသည့် အစဉ်အလာတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ပြုခဲ့သော ကုသိုလ် ကောင်းမှုများကိုလည်း ခေါင်းလောင်းများပေါ်တွင် ရေးထိုးကာ အလှူဒါနမှတ်တမ်းများဖြစ်ကမ္ပည်းတင် လေ့ရှိကြပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ သုဒဿနကုန်းပေါ်ရှိမြသိတင် (ခေါ်) ရွှေဆံတော်စေတီတော်ကြီး၏ ရင်ပြင်ပေါ်တွင် ခေတ်အဆက်ဆက်မှ ဗုဒ္ဓဘာသာဝင်မြန်မာပြည်သူများက မိမိတို့အလှူဒါနမှတ်တမ်းများရေးထိုးကာ ချိတ်ဆွဲလှူဒါန်းခဲ့သော ခေါင်းလောင်းများကို တွေ့မြင်နိုင်ပါသည်။

အဆိုပါခေါင်းလောင်းများသည် မြန်မာ့ရိုးရာလက်မှုအနုပညာတစ်ခုဖြစ်သော ပန်းတဉ်းပညာ အနုလက်ရာများကို ဖော်ပြနေသကဲ့သို့ မြန်မာ့ဓလေ့၊ မြန်မာ့အစဉ်အလာများကိုလည်း ပြသနေသည့် ယဉ်ကျေးမှု အမွေအနှစ်များဖြစ်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ (Tangible and Intangible Culture) ရောယှက်ပါဝင်နေသည့် အမွေအနှစ်များလည်းဖြစ်ပါသည်။



ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန သည် နိုင်ငံအနှံ့ရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်၊ မှတ်တမ်းတင်လျက် ပြည်သူလူထု သိရှိပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်လျက်ရှိရာ ၎င်းလုပ်ငန်းတာဝန်၏ အစိတ်အပိုင်းတစ်ခုအဖြစ် “ပဲခူးတိုင်း ဒေသကြီး၊ ပြည်မြို့၊ ရွှေဆံတော်စေတီတော်မှ ခေါင်းလောင်းစာများ” ကို ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင် ပြည်ရွှေဆံတော်ခေါင်းလောင်းစာများနှင့် ပတ်သက်၍ (၂၀၀၂)ခုနှစ်တွင် ပြည်တက္ကသိုလ်၌ဖတ်ကြားခဲ့သော ပြည်တက္ကသိုလ်၊ သမိုင်းဌာနအကြီးအကဲရှိ ဒေါက်တာဒေါ်ကျင်ဌွေး၏ ပြည်မြို့ရွှေဆံတော်ဘုရားရင်ပြင်ပေါ်ရှိ ခေါင်းလောင်းများနှင့် ခေါင်းလောင်းပေါ်မှစာများဟူသည့် စာတမ်းတစ်စောင်နှင့် (၂၀၀၉)ခုနှစ်၊ နိုဝင်ဘာလထုတ်၊ သိဒ္ဓိမိုးမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သော ဤစာအုပ်ပြုစုသူ ဦးနိုင်ဝင်း (ဝင်းသူဟန်) ၏ “ပြည်ရွှေဆံတော်ကုန်းတော်ပေါ်မှ သမိုင်းခြေရာများ” ဆောင်းပါးတို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ပြည်ရွှေဆံတော်စေတီတော်ရှိ ခေါင်းလောင်းများသည် ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်တစ်လျှောက် နေထိုင်ရှင်သန်ခဲ့ကြသော မြန်မာပြည်သူများ၏ လူမှုသမိုင်း (Social History) ပုံရိပ်များဖြစ်သကဲ့သို့ မြန်မာတို့၏ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ပေါင်းစုနေသည့် အမွေအနှစ်များ ဖြစ်သည်။ “ပြည်မြို့ ရွှေဆံတော်စေတီမှခေါင်းလောင်းစာများ” ကိုပုံနှိပ်ထုတ်ဝေခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားသည့်အပြင် ခေါင်းလောင်းနှင့် ခေါင်းလောင်းစာများကို စိတ်ပါဝင်စားသူများ၊ လေ့လာသူများ၊ သမိုင်းသုတေသီများအတွက် လိုအပ်ချက်တစ်စုံတစ်ရာကို ဖြည့်ဆည်း ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။

**ကျော်ဦးလွင်**
ညွှန်ကြားရေးမှူးချုပ်